## MPT ၏ စည်းကမ်းသတ်မှတ်ချက်များ - Name Tune ကံစမ်းပွဲအစီအစဉ်

ဤစာမျက်နှာသည် Name Tune **ကံစမ်းပွဲအစီအစဉ်** (**"အရောင်းမြှင့်တင်မှု"**) တွင်ပါဝင်ကံစမ်းသည့်အခါ သင့်အနေဖြင့်လိုက်နာရမည့် စည်းကမ်းချက်များအား ရှင်းလင်းဖော်ပြထားပါသည်။ အရောင်းမြှင့်တင်မှုအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ("**MPT**"၊ "**ကျွန်ုပ်တို့**"၊ "**ကျွန်ုပ်တို့ကို**"၊ "**ကျွန်ုပ်တို့၏**")က ဆောင်ရွက်ပေးသော ဝန်ဆောင်မှုများမှတဆင့် ရယူ နိုင်ပါသ ည်။ အရောင်းမြှင့်တင်မှုကို Crystal Shine Co., Ltd. က စီစဉ်ဆောင်ရွက်ပါသည်။အရောင်းမြှင့်တင်မှုတွင်ပါဝင်ကံစမ်းခြင်းဖြင့်သင်သည်ဤစည်းကမ်း သတ်မှတ်ချက်များနှင့်၎င်းတို့နှင့်ဆက်စပ်သည့်အခြားသော သက်ဆိုင်ရာစည်းမျဉ်းများ၊ မူဝါဒများနှင့် စည်းကမ်းချက်များ (စုပေါင်း၍ **"စည်းကမ်းချက်များ"** ဟု ခေါ်ဆိုရန်) ကိုဖတ်ရှုပြီး နားလည်ကြောင်းနှင့် ၎င်းတို့၏ စည်းနှောင်မှုကိုခံယူရန် သဘောတူကြောင်း သဘောဆောင်ပါ သည်။

စည်းကမ်းချက်များသည် အချိန်အခါမရွေး ပြောင်းလဲမှုရှိနိုင်ပါသည်။ ထိုကဲ့သို့သော ပြောင်းလဲမှု တစ်ခုခု ပြုလုပ်ပြီးနောက် အရောင်းမြှင့်တင်မှုတွင် သင်၏ဆ က်လက်ပါဝင်ကံစမ်းမှုသည် ပြောင်းလဲပြီးဖြစ်သော စည်းကမ်း ချက်များကို သင်က လက်ခံခြင်း ဖြစ်ပါသည်။

### ၁။ Promotion

၁.၁ အထက်တွင်ဖော်ပြထားသည့်အတိုင်း အရောင်းမြှင့်တင်မှုကို Crystal Shine Co., Ltd. က အပြည့်အဝစီစဉ်ဆောင်ရွက်ပြီးအရောင်းမြှင့်တင်မှုနှင့်ပတ်သက်သည့် မည်သည့် စုံစမ်းမေးမြန်းခြင်း များ သို့မဟုတ် ကိစ္စရပ်များကိုမဆို Crystal Shine Co., Ltd သို့ တိုက်ရိုက်ဆက်သွယ်သင့်ပါသည်။ အရောင်းမြှင့်တင်မှုတွင်MPT၏ပါဝင်ပတ်သက်မှုအတိုင်းအတာသ ည် အောက်တွင်ထပ်မံရှင်းလင်း ဖော်ပြမည့် ကျသင့်ငွေကောက်ခံခြင်း (Billing) နှင့် စာရ င်းပေးသွင်းခြင်း (Subscription) ဆိုင်ရာလုပ်ငန်းများဖြင့် ကန့်သတ်ထားပါသည်။

၁.၂ စည်းကမ်းချက်များတွင် သင့်အား အတိအလင်း အပ်နှင်းထားခြင်းမရှိသည့် အခွင့်အရေးအားလုံးကို ကျွန်ုပ်တို့က သို့မဟုတ် ကျွန်ုပ်တို့၏ အသုံးပြုခွင့်ပေးသူများ၊ ထောက်ပံ့သူများ၊ ထုတ်ဝေသူများ၊ အခွင့်အရေးကိုင်ဆောင်သူများနှင့် အခြားသော အကြောင်းအရာပံ့ပိုးသူများက သီးသန့် ရယူထိန်း သိမ်းထားပါသည်။ သင်အနေဖြင့် စည်းကမ်းချက်များနှင့် ဥပဒေ တွင် ခွင့်ပြုသည့်အတိုင်းသာ အရောင်းမြှင့်တင်မှုတွင် ပါဝ င်ကံစမ်းနိုင်ပြီး အခြားသောအသုံးပြုခံစားမှုအားလုံးကို တင်းကျပ်စွာ တားမြစ် ထားပါသည်။

၁.၃ MPT သည် MPT ၏ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် အကြောင်းပြချက်တစ်ခုခု သို့မဟုတ် အကြောင်း ပြချက်မရှိဘဲ သင်၏ အရောင်းမြှင့်တင်မှုသို့ ဝင်ရောက်မှု သို့မဟုတ် ပါဝင်ကံစမ်းမှုကို အကြောင်းကြားမှုနှင့် တာဝ နံမရှိဘဲ အမြဲတမ်းသော်လည်းကောင်း၊ ယာယီသော်လည်းကောင်း ရပ်စဲခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် အခြားနည်းဖြင့်ခွင့်ပြုရန်ငြင်းပယ်ခြင်းများ ပြုလုပ်နိုင်ပါသည်။ ထိုသို့ပြုလုပ်သည့်အခါတွင် စည်းကမ်းချက်များသည် ဤတွင်ဖော်ပြထားသော ဆက်လက် တည်ရှိနေမည့် စည်းကမ်းချက်များကို ဖြည့်ဆည်းရန် လိုအပ်သော အတိုင်းအတာအထိ သင်အပေါ် ဆက်လက်စည်းနှောင်မှုရှိရမည်။

၁.၄ အရောင်းမြှင့်တင်မှုတွင် သင်၏ ပါဝင်ကံစမ်းမှုသည် ⎿⏌ ကိုတင်စီစဉ်ထားသောနှင့် ကြိုတင်စီစဉ်ထားခြင်းမရှိ သော ဝန်ဆောင်မှု အဆက်ပြတ်ခြင်းများပေါ် မူတည်နိုင်သည်။ အရောင်းမြှင့်တင်မှု၏ အဆက်ပြတ်ခြင်း၊ (စီစဉ်ထားသည်ဖြစ်စေ၊ စီစဉ်မထားဘဲဖြစ်စေ) ချို့ယွင်းမှုဖြစ်ပေါ်ခြင်း သို့မဟုတ် မဝင်ရောက်နိုင် ခြင်းတစ်ခုခုအတွက် MPT သည် သင့်အပေါ် သို့မဟုတ် မ ည်သည့်တတိယပုဂ္ဂိုလ်များအပေါ်မဆို တာဝန်ရှိမည် မဟုတ်သည်ကို သင့်အနေဖြင့် သဘောတူပါသည်။

၁.၅ သင်၏ အရောင်းမြှင့်တင်မှု အသုံးပြုမှု သို့မဟုတ် အလွဲသုံးစားပြုမှု၊ သင်၏ အခြားအသုံးပြုသူများနှင့် မည် သည့်အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုများအတွက်မဆို သို့မဟုတ် အရောင်းမြှင့်တင်မှု နှင့်စပ်လျဉ်း၍ သင်၏ အခြားဆောင်ရွက်မှု သို့မဟုတ် လိုက်နာရန်ပျက်ကွက်မှုတစ်ခုခုအတွက် MPT တွင် တာဝန် မရှိစေရ။

## ၂။ ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှုအခွင့်အရေးများ

Crystal Shine Co., Ltd. သို့မဟုတ် အခြားတတိယပုဂ္ဂိုလ်တစ်ဦးဦးမှ အခြားနည်းဖြင့် တရားသဖြင့် ဆောင်ရွက်ခြင်းမှ လွဲ၍ သက်ဆိုင်မှုရှိသည့်အတိုင်း ဤ အရောင်းမြှင့်တင်မှုနှင့်စပ်လျဉ်းသော ဆော့ဖ်ဝဲ၊ ရုပ်ပုံများ၊ စာသား၊ ဂရပ်ဖစ်များ၊ သရုပ်ဖော်မှုများ၊ လိုဂိုများ၊ တီထွင်မှုမူပိုင်ခွင့်များ၊ ကုန်အမှတ်တံဆိပ်များ၊ ဝန်ဆောင်မှု အမှတ်တံဆိပ်များ၊ မူပိုင်ခွင့်များ၊ ဓာတ်ပုံများ၊ အသံ၊ ဗီဒီယိုများ၊ ဂီတနှင့် အကြောင်းအရာ အပါအဝင် ၎င်းတို့ချည်းသာ မဟုတ်သော (စုပေါင်း၍ **"အကြောင်းအရာ"**) MPT ၏ ပိုင်ဆိုင်မှုအချက်အလက် တစ်ခုခုနှင့် ၎င်းတို့နှင့် သက်ဆိုင်သော ဉာဏပစ္စည်းအခွင့်အရေးများ အားလုံးမှာ MPT နှင့် ၎င်း၏ အသုံးပြုခွင့်ပေးသူများ၊ ထောက်ပံ့သူများ၊ ထုတ်ဝေသူများ၊ အခွင့်အရေးကိုင်ဆောင်သူများနှင့် အခြားသော အကြောင်းအရာပံ့ပိုးသူများ၏ သီးသန့်ပစ္စည်းဖြစ်သည်။ ဤတွင်အတိအလင်း ဖော်ပြ ထားသည်မှလွဲ၍ အရောင်းမြှင့်တင်မှု၏ မည်သည့်အရာကမျှ

ဉာဏပစ္စည်းဆိုင်ရာအခွင့်အရေးများတစ်ခုခု
တွင်ရှိသော သို့မဟုတ် ထိုအောက်တွင်ရှိသော အသုံးပြုခွင့်တစ်ခု သို့မဟုတ် အခွင့်အရေးတစ်ခု ဖန်တီးသည်ဟု မမှတ်ယူရ။ Promotion တွင် ဝင်ရောက်အသုံးပြုနိုင်သော အချက်အလက်များ တစ်ခုခု သို့မဟုတ် အကြောင်းအရာတစ်ခုခုမှ ဆင့်ပွားရရှိလာသော လက်ရာများကို ရောင်းချခြင်း၊ အသုံးပြု ခွင့်ပေးခြင်း၊ ငှားရမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖြန့်ချိခြင်း၊ ကူးယူခြင်း၊ ဆင့်ပွားကူးယူခြင်း၊
ထုတ်လွှင့်ခြင်း၊ လူအ များ မြင်သာစေရန် ပြသခြင်း၊ လူအများ မြင်သာစေရ န် ဖျော်ဖြေခြင်း၊ ထုတ်ဝေခြင်း၊ သင့်လျော် သလို ပြင်ဆင်အသုံးပြုခြင်း၊ တည်းဖြတ်ခြင်း သို့မဟုတ် ဖန်တီးခြင်းများကို သင့်အနေဖြင့် မပြုလုပ် ရန် သဘောတူပါသည်။ စည်းကမ်းချက်များမှ အတိအလင်း
ခွင့်ပြုမထားသော မည်သည့်ရည်ရွယ် ချက်အတွက်မဆို အကြောင်းအရာအား အသုံးပြုခြင်းကို တင်းကျပ်စွာတားမြစ်ထားပါသည်။

## ၃။ စာရင်းပေးသုံးစွဲခြင်း

၃.၁ အရောင်းမြှင့်တင်မှုကာလသည် ၁၂ ဒီဇင်ဘာ ၂၀၁၈ မှ ၁၂ မတ် ၂၀၁၉ ရက်နေ့အထိဖြစ်ပါသည်။ (“**အရောင်းမြှင့်တင်မှုကာလ**”)

၃.၂ အရောင်းမြှင့်တင်မှုတွင် ပါဝ င်ကံစမ်းနိုင်ရန် သင်အနေဖြင့် Name Tune ဝန်ဆောင်မှုကို စာရင်းပေးသွင်းပြီး Name Tune ကို http://lotaya.mpt.com.mm/service/crbt/name-tune မှရယူနိုင်ပါသည်။

## ၄။ ပါဝင်ကံစမ်းနိုင်သူများ

၄.၁ ဤ
အရောင်းမြှင့်တင်မှုကို အနည်းဆုံး အသက်တစ်ဆယ့်ခြောက်နှစ်(၁၆)နှစ်နှင့် အထက်ရှိပြီး (MPT SIM အသုံးပြု နေသည့်) မှတ်ပုံတင်ထားသော MPT သုံးစွဲသူများအတွက်သာ ရည်ရွယ်ပါသည်။

၄.၂ MPTနှင့်တိုက်ရိုက်ပတ်သက်သည်ဖြစ်စေ၊ မပတ်သက်သည်ဖြစ်စေMPT အတွက်လုပ်ကိုင်နေသော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းများ သို့မဟုတ်MPT၏ ဝန်ထမ်းများ(မိသားစုနှင့်ဆွေမျိုးများ အပါအဝင်) အရောင်းမြှင့်တင်မှုတွင် ပါဝင်ကံစမ်းခွင့်မရှိပါ။

## ၅။ ဈေးကွက်ရှာဖွေခြင်းနှင့် အရောင်းမြှင့်တင်ခြင်း

MPT အနေဖြင့် ကံစမ်းမဲအစီအစဉ်အတွက် လိုအပ်သော သို့မဟုတ် ၎င်းနှင့် ကျိုးကြောင်းဆီလျော်စွာ ဆက်စပ်သော ကိစ္စရပ်များအတွက်လည်းကောင်း၊ လူသိများစေရန်ရည်ရွယ်ချက်များ

အတွက် ပါဝင်ကံစမ်းသူများ၏ဗီဒီယိုများ နှင့်/သို့မဟုတ် ရုပ်ပုံများအသုံးပြုခြင်းအပါအဝင် ဖြစ်သော်လည်းယင်းတို့ ချည်းသာဟု ကန့်သတ်မထားသော MPT ၏ ကုန်ပစ္စည်းများ သို့မဟုတ် ဝ န်ဆောင်မှုများကို ဈေး ကွက်ရှာဖွေရန်၊ ကြော်ငြာရန် နှင့်/သို့မဟုတ် အရောင်းမြှင့်တင်ရန် အလို့ငှာ ပါဝင်ကံစမ်းသူများ၏ ကိုယ်ရေးအချက်အလက်များ ကောက်ခံခြင်း၊ အသုံးပြုခြင်း၊ ဖွင့်ဟ ထုတ်ဖော်ခြင်းနှင့် ၎င်းတို့အကြား ဝေမျှခြင်းတို့ပြုလုပ်ခြင်းနှင့် MPT၏ တရားဝင် ခွင့်ပြုထားသော ဝန်ဆောင်မှုပေးသူများနှင့်သက်ဆိုင်ရာ တတိယပုဂ္ဂိုလ်များထံ ထိုကဲ့သို့သော ကိုယ်ရေးအချက် အလက်များ ဖွင့်ဟထုတ်ဖော်ခြင်းကို ပါဝင်ကံ စမ်းသူများက သဘောတူညီပြီး ခွင့်ပြုပါသည်။

## ၆။ တာဝန်ခံမှုမှ ကင်းလွတ်စေခြင်း

သင်သည် MPT နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီများ၊ ပူးတွဲလုပ်ငန်းဆောင်ရွက်သူ၊ အေးဂျင့်များ၊ မန်နေဂျာများ နှင့် အခြားဆက်စပ်ကုမ္ပဏီများ၊ နှင့် ၎င်းတို့၏ ဝန်ထမ်းများ၊ ကန်ထရိုက်တာများ၊ အေးဂျင့်များ၊ အရာထမ်းများ၊ ဒါရိုက်တာများအား (၁) သင်ထုတ်လွှတ်လိုက်သော သို့မဟုတ် ရရှိ သောဒေတာ သို့မဟုတ် အကြောင်းအရာတစ်ခုခုအပါအဝင် သင်၏ အရောင်းမြှင့်တင်မှုအား အသုံးပြုခြင်း နှင့် ဝင်ရောက်ခြင်း (၂) ဤတွင်ပါဝင်သော ကိုယ်စားပြုတင်ပြခြင်းများနှင့် အာမခံချက်များ တစ်ခုခုကို ချိုးဖောက်ခြင်း အပါအဝင် ယင်းတို့ချည်းသာမဟုတ်သော စည်းကမ်းချက်များ၏ စည်းကမ်းတစ်ခုခုအား ချိုးဖောက်ခြင်း (၃) ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှု အခွင့်အရေး တစ်စုံတစ်ရာ၊ လူတစ်ဦးတစ် ယောက်၏ ကျော်ကြားမှုကိုယ်ပိုင်လက္ခဏာများအား အလွဲသုံးစားပြုခြင်းကို ကာကွယ်သည့် အခွင့် အရေးများ (Publicity Rights) သို့မဟုတ်၊ ဉာဏပစ္စည်းဆိုင်ရာအခွင့်အရေးများ အပါအဝင် ၎င်းတို့ ချည်းသာမဟုတ်သော တတိယပုဂ္ဂိုလ်အခွင့်အရေးတစ်ခုခုကို သင့်အနေဖြင့် ချိုးဖောက်ခြင်း၊ (၄) သင်၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သို့မဟုတ် အခြားနိုင်ငံတစ်နိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေ သို့မဟုတ် စည်းမျဉ်း တစ်ခုခုကိုချိုးဖောက်ခြင်း၊ (၅) အရောင်းမြှင့်တင်မှုမှတစ်ဆင့် သင်တင်ပြသော သို့မဟုတ် သင်ရရှိသော အချက်အလက်တစ်ခုခု၏ ရလဒ်တစ်ခုကြောင့် တောင်းဆိုမှု သို့မဟုတ် နစ်နာမှု တစ်စုံတစ်ရာဖြစ်ခြင်း သို့မဟုတ် (၆) သင်၏ဖုန်းနံပါတ်(စာရင်းသွင်းထားသည်ဖြစ်စေ၊ စာရင်းမသွင်း ထားသည်ဖြစ်စေ)၊ ဟန်းဆက်၊ သို့မဟုတ် အခြားသော ကိရိယာမှတဆင့် အခြားပုဂ္ဂိုလ်တစ်ဦး ဦး၏ အရောင်းမြှင့်တင်မှုသို့ဝင်ရောက်မှုနှင့် အသုံးပြုမှုတို့မှ ပေါ်ပေါက်လာသော တောင်းဆိုမှုများ၊ နစ်နာမှု များ၊ တာဝန်ဝတ္တရားများ၊ ဆုံးရှုံးမှုများ၊ တာဝန်ခံမှုများ၊ ကုန်ကျမှုများ သို့မဟုတ် ကြွေးမြီနှင့် အသုံးစရိတ် များ (ရှေ့နေခများအပါအဝင်ဖြစ်သော်လည်း ယင်းတို့ချည်းသာဟုကန့်သတ်မထားသော) တစ်ခုခု နှင့် အားလုံးထံမှနှင့် ၎င်းတို့ကို ဆန့်ကျင်၍ ကာကွယ်ပေးရန်၊ တာဝန်ခံမှုမှ ကင်းလွတ်စေရန်နှင့် ထိခိုက်နစ်နာမှုမှ ကင်း လွတ်စေရန်သဘောတူပါသည်။

## ၇။ အာမခံချက်များ၏ မသက်ဆိုင်ကြောင်း ရှင်းလင်းချက်များနှင့် တာဝန်ခံမှုကန့်သတ်ချက်

၇.၁ အရောင်းမြှင့်တင်မှုတွင်ပါဝင်သော သို့မဟုတ် အရောင်းမြှင့်တင်မှုမှတဆင့်အခြားနည်းဖြင့် သင်အသုံးပြုနိုင်ရန် ပြုလုပ်ထားသော သတင်းအချက်အလက်၊ အကြောင်းအရာ၊ အချက်အလက်များ၊ ထုတ်ကုန်များ (ဆော့ဖ်ဝဲအပါအဝင်)နှင့် အခြားသောဝန်ဆောင်မှုများကို ဤနေရာ၌ "ရှိသည့်အတိုင်း" နှင့် "ရှိနိုင် မည့်အတိုင်း" ရနိုင်သောစနစ်ဖြင့်ပံ့ပိုးခြင်းဖြစ်သည်။ MPT သည်အရောင်းမြှင့်တင်မှုလည်ပတ်ခြင်းသို့မဟုတ်ပရိုမိုးရှင်းတွင်ပါဝင်သောသို့မဟုတ် အရောင်း မြှင့်တင်မှုမှတဆင့်အခြားနည်းဖြင့်သင်အသုံးပြုနိုင်ရန်ပြုလုပ်ထားသော ၎င်း၏တိကျမှု အပါအဝင် သတင်းအချက်အလက်၊ အကြောင်းအရာ၊ အချက် အလက်များ၊ ထုတ်ကုန်များ (ဆော့ဖ်ဝဲအပါအဝင်)သို့မဟုတ်အခြားသောဝန်ဆောင်မှုများကို မည်သည့်အမျိုးအစားမဆိုဖြစ်သော အတိအလင်းဖြစ်စေ၊ တိုက်ရိုက် မဟုတ်သည်ဖြစ်စေ ကိုယ်စားပြု တင်ပြခြင်းများ သို့မဟုတ် အာမခံချက်များမပြုလုပ်ပါ။သင်၏အရောင်းမြှင့်တင်မှုအသုံးပြုမှုသည်ဖြစ်ပေါ် လာနိုင်ချေ ရှိသော အန္တရာယ်ကို မိမိဘာသာ တာဝန်ယူသည်ဟု အတိအလင်း သဘောတူပါသည်။

၇.၂ MPT သည် အရောင်းမြှင့်တင်မှု အသုံးပြုခြင်း သို့မဟုတ် အရောင်းမြှင့်တင်မှု တွင် ပါဝင်သော သို့မဟုတ် ပရိုမိုးရှင်းမှတဆင့်အခြားနည်းဖြင့် သင်အသုံးပြုနိုင်ရန်ပြုလုပ်ထားသော သတင်း အချက်အလက်၊ အကြောင်းအရာ၊ အချက်အလက်များ၊ ထုတ်ကုန်များ (ဆော့ဖ်ဝဲ အပါအဝင်) သို့မဟုတ် အခြားသော ဝန်ဆောင်မှုများမှ ပေါ်ပေါက်လာသော မည်သည့်အမျိုးအစားမဆိုဖြစ်သည့် တိုက်ရိုက်ဖြစ်သော၊ တိုက်ရိုက်မဟုတ်သော၊ ဆက်စပ်၍ဖြစ်သော၊ ပြစ်ဒဏ်အရဖြစ်သော နှင့်/သို့မဟုတ် အကျိုးဆက် အားဖြင့်ဖြစ်သော နစ်နာမှုများ အပါအဝင်ဖြစ်သော်လည်း ယင်းတို့ချည်းသာဟု ကန့်သတ်မထားသော နစ်နာမှုတစ်စုံ တစ်ရာအတွက် တာဝန်ခံမည်မဟုတ်ပါ။

၇.၃ သင်အနေဖြင့်အရောင်းမြှင့်တင်မှုသို့ ဝင်ရောက်ကံစမ်းရာတွင် မည်သည့်အကြောင်းအရင်း ကြောင့်ဖြစ်စေ၊ ပရိုမိုးရှင်း နှင့်ဆက်စပ်၍ တိုက်ရိုက်ဖြစ်စေ၊ အကျိုးဆက်အရဖြစ်စေ ဖြစ်ပေါ်လာသော မည်သည့် သဘောသဘာဝ သို့မဟုတ် အမျိုးအစားမဆိုရှိသည့် ဆုံးရှုံးမှု၊ ထိခိုက်အနာတရဖြစ်မှု၊ ထိခိုက်မှု သို့မဟုတ် ပေးရန်တာဝန်ရှိမှုနှင့် အကျိုးဆက်များ တစ်ခုခုနှင့်အားလုံးမှ သော်လည်းကောင်း၊ MPT ကိုထိုသို့ဖြစ်နိုင်ခြေအား အသိပေးပြီးသည့်တိုင် အရောင်းမြှင့်တင်မှု တွင် ပါဝင်ကံစမ်းစဉ်အတွင်း သို့မဟုတ် ကံထူးဆုအား အသုံးပြုခံစားခြင်းမှ ပေါ်ပေါက်လာသော သို့မဟုတ် ၎င်းနှင့် ဆက်စပ်သော မ ည်သည့် ပုဂ္ဂိုလ်များအပေါ် မဆို ထိခိုက်အနာတရဖြစ်မှုတစ်ရပ်ရပ် သို့မဟုတ် ပိုင်ဆိုင်မှုတစ်ရပ်ရပ်အပေါ် ဖြစ်ပေါ်လာ သည့်ထိခိုက်မှုတစ်ရပ်ရပ် အပါအဝင်ဖြစ်သော်လည်း ယင်းတို့ချည်းသာဟု မကန့်သတ်လျက်၎င်းတို့မှသော်လည်းကောင်း ပေါ်ပေါက်လာသောနှင့် ၎င်းတို့ကိုအကြောင်းပြုသော တောင်းခံမှု

များ၊ တောင်းဆိုမှုများ၊ အခွင့်အရေးများ၊ တရားစွဲဆိုရန် အ‌ကြောင်းတို့မှ MPT အားကင်းလွတ်စေရန်နှင့် ရာသက်ပန် လွတ်ငြိမ်းစေရန် သဘော တူညီပါသည်။

၇.၄ သက်ဆိုင်ရာဥပဒေများမှ ခွင့်ပြုနိုင်သည့် အများဆုံးအတိုင်းအတာအလျောက် MPT သည် ရည်ရွယ်ချက်တစ်ခုအတွက် ကုန်သွယ်မှုနှင့် ရောင်းချနိုင်စွမ်း၏ တိုက်ရိုက်မဟုတ်သော အာမခံချက်များ အပါအဝင်ဖြစ်သော်လည်းယင်းတို့ချည်းသာဟုကန့်သတ်မထားသောအတိအလင်း ဖော်ပြထားသည့်သို့မဟုတ် တိုက်ရိုက်မဟုတ်သည့် အာမခံချက်များအားလုံးကို မသက်ဆိုင်ကြောင်း ငြင်းဆိုပါသည်။

၇.၅ ပရိုမိုးရှင်းတွင်ပါဝင်သော သို့မဟုတ် ပရိုမိုးရှင်းမှတဆင့်အခြားနည်းဖြင့် သင်အသုံးပြုနိုင်ရန် ပြုလုပ်ထားသော သတင်းအချက်အလက်၊ အကြောင်းအရာ၊ အချက်အလက်များ၊ ထုတ်ကုန်များ (ဆော့ဖ်ဝဲ အပါအဝင်) သို့မဟုတ် အခြားသောဝန်ဆောင်မှုများတွင် MPT ဆာဗာများ သို့မဟုတ် MPT မှ ပို့သောအီးလက်ထရောက်နစ် ဆက်သွယ်မှုများသည် ဗိုင်းရပ်များ သို့မဟုတ် အခြားသော အန္တရာယ်ရှိသည့် အစိတ်အပိုင်းများမှ ကင်းလွတ်ပါသည်ဟု MPT က အာမခံခြင်း မပြုပါ။

## ၈။ တတိယပုဂ္ဂိုလ်၏ အကြောင်းအရာ

အရောင်းမြှင့်တင်မှုတွင် Crystal Shine Co., Ltd. အပါအဝင် တတိယပုဂ္ဂိုလ်များမှ ရရှိသော သို့မဟုတ် ၎င်း တို့က ပံ့ပိုးပေး ထားသောအကြောင်းအရာ(”**တတိယပုဂ္ဂိုလ်၏ အကြောင်းအရာ**”)တို့ ပါဝင်နိုင်ပါသည်။ သို့ဖြစ်ပါ၍အဆိုပါတတိယပုဂ္ဂိုလ်၏အကြောင်းအရာသို့မဟုတ် တတိယပုဂ္ဂိုလ်၏ အကြောင်းအရာနှင့်ဆက်စပ်သောချိတ်ဆက်ထားသည့်ဝက်ဘ်ဆိုဒ်တစ်ခုခုအတွက် MPTတွင် တာဝန်ရှိမည်မဟုတ်ပါ။ တတိယပုဂ္ဂိုလ်များ၏ သတင်းအချက်အလက်၊ ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများ တစ်ခုခုအား ရည်ညွှန်းချက်သည် MPT က ထောက်ခံမှု၊ ကမကထပြုမှု သို့မဟုတ် အကြံပြုမှု မဟုတ်ပါ သို့မဟုတ် ထိုသို့သွယ်ဝိုက်ဆိုလိုခြင်းမဟုတ်ပါ။

## ၉။ အထွေထွေ

၉.၁ တတိယပုဂ္ဂိုလ်တစ်ဦးဦး၏ စည်းကမ်းသတ်မှတ်ချက်များသည် သက်ဆိုင်မှုရှိလျှင် ကံထူးဆုများ အပေါ် သက်ရောက်မှုရှိပါမည်။

၉.၂ စည်းကမ်းချက်များသည် http://mpt.com.mm/mm/about-home/terms-conditions-mm/ တွင် ဖတ်ရှုနိုင်သည့် MPT ၏ အထွေထွေစည်းကမ်းသတ်မှတ်ချက်များ (“**GTC**”) အရဖြစ်ရပါမည်။ ဤစည်းကမ်းချက်၏ စည်းကမ်းများနှင့် GTC အကြား ပဋိပက္ခတစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့ပါက ဤစည်းကမ်းချက်များ၏ စည်းကမ်းများက လွှမ်းမိုးရမည်။

၉.၃ စည်းကမ်းချက်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများ နှင့် တရားရုံး သို့ မဟုတ် စီရင်ပိုင်ခွင့်ရှိသော အဖွဲ့တစ်ခုမှ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ အမိန့် ကြော်ငြာစာ၊ ညွှန်ကြား ချက် သို့မဟုတ် လမ်းညွှန်ချက် တစ်ခုခုအရဖြစ်ရပါမည်။

၉.၄ အကယ်၍ စည်းကမ်းချက်များ သို့မဟုတ် ၎င်းအ ကျုံးဝင်မှု၏ စည်းကမ်းများ ပဋိညာဉ်ပြုချက်၊ ပြဋ္ဌာန်း ချက်တစ်ခုခုအား တရားရုံးတစ်ခုခု သို့မဟုတ် စီရင်ပိုင်ခွင့်ရှိသောအဖွဲ့တစ်ခုခု သို့မဟုတ် ထို အကြောင်းအရာ နှင့်စပ်လျဉ်း၍ ဥပဒေတစ်ရပ်ရပ်မှ ဥပဒေနှင့် မကိုက်ညီခြင်း၊ တရားမဝင်ဖြစ်ခြင်း သို့မဟုတ် အာဏာမသက်ရောက်နိုင်ခြင်းအဖြစ်သတ်မှတ်ခဲ့ပါက စည်းကမ်းချက်များ၏ ကျန်ရှိသော အပိုင်း သို့ မဟုတ် အဆိုပါ စည်းကမ်းများ၊ ပဋိညာဉ်ပြုချက် သို့မဟုတ် ပြဋ္ဌာန်းချက်၏ (တ ရားမဝင် ဖြစ်ကြောင်း သို့မ ဟုတ် အာဏာသက်ရောက်မှုမရှိကြောင်း သတ်မှတ်ထားသည့် ပုဂ္ဂိုလ်များမှအပ) ပုဂ္ဂိုလ်တစ်ဦးဦးနှင့် သက်ဆိုင်မှုအပေါ် သက်ရောက်မှုမရှိစေရဘဲ စည်းကမ်းချက်များ၏ ပြဋ္ဌာန်းချက် တစ်ရပ်စီသည် ဥပဒေ အရခွင့်ပြုထားသော အများဆုံး အတိုင်းအတာအထိ တရားဝင်ဖြစ်ပြီး အာဏာ သက်ရောက်မှု ဆက်လက်ရှိရမည်။

**Name Tune ကံစမ်းပွဲအစီအစဉ် အသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်များ**

၁။ အရောင်းမြှင့်တင်မှုတွင် ပါဝ င်ကံစမ်းနိုင်ရန် သင်အနေဖြင့် Name Tune ဝန်ဆောင်မှုကို စာရင်းပေးသွင်းပြီး Name Tune ကို http://lotaya.mpt.com.mm/service/crbt/name-tune မှရယူနိုင်ပါသည်။

၂။ မှတ်ပုံတင်ထားသော MPTအသုံးပြုသူများ (MPT ဆင်းမ်ကဒ်အသုံးပြုသူ)၊ အနည်းဆုံး အသက် တစ်ဆယ့်ခြောက်နှစ်ပြည့်ပြီးသောမြန်မာနိုင်ငံသားများဖြစ်ရမည်။

၃။ အသုံးပြုသည် Name Tune ဝန်ဆောင်မှုကို အရောင်းမြှင့်တင်မှုကာလပြီးဆုံးသည်အထိ အသုံးပြုနေ သူဖြစ်ရမည်။

၄။ အရောင်းမြှင့်တင်မှုကာလသည် ၁၂ ဒီဇင်ဘာ၂၀၁၈ မှ ၁၂ မတ် ၂၀၁၉ ရက်နေ့ အထိ ဖြစ်သည်။

၅။ ကံထူးရှင်များအား အရောင်းမြှင့်တင်မှုကာလ ပြီးဆုံးသောအခါ မဲနှိုက်ရွေးချယ်ပေးသွားမည် ဖြစ်ပါသည်။ ဆုမှာ အောက်ပါအတိုင်းဖြစ်သည်။

- ပထဆု - iPhone Xs တစ်လုံး (ကံထူးရှင်အားကျပန်း မဲဖောက်ပေးပါမည်)

- ဒုတိယဆု- ၁၀၀၀ကျပ်တန်ငွေဖြည့်ကပ်(၁၀၀ခု) (အရောင်းမြှင့်တင်မှုကာလအတွင်း ပ ထမဦးဆုံး Name Tune ကိုရယူသူအယောက်၁၀၀ ကို ၁၀၀၀ တန် ငွေဖြည့်ကတ်လက်ဆောင်ပေးအပ်ပါမည်)

၆။ ကံထူးသူများအား ၁၃ မတ် ၂၀၁၉ ရက်နေ့တွင် ရွေးခြယ်မည်ဖြစ်ပြီး ကံထူးသူများအား ယင်းနေ့တွင်ပင် ကြေငြာပေးသွားမည်ဖြစ်ပါသည်။ ကံထူးသူများအား ၃ရက်အတွင်း ဆက်သွယ်၍ မရပါက အခြားကံထူးသူများအားရွေးခြယ်ပေးသွားမည်ဖြစ် သည်။

၇။ MPT နှင့်တိုက်ရိုက်ပတ်သက်သည်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ MPTအတွက် လုပ်ကိုင်နေသော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ်အဖွဲ့အစည်းများ သို့မဟုတ် မိသားစုနှင့် ဆွေမျိုးများအပါအဝင် MPT၏ ဝန်ထမ်းများ ပရိုမိုးရှင်း တွင်ပါဝင်ကံစမ်းခွင့်မရှိပါ။

၈။

ဆုအမျိုးအစားများနှင့်ကံစမ်းမဲပေါက်သူများကိုရွေးချယ်ရန်အပါအဝင်ပရိုမိုးရှင်း နှင့်ပတ်သတ် သောမည်သည့်အခြေအနေကိုမဆို Crystal Shine Co., Ltd. နှင့် MPT တို့၏ဆုံးဖြတ်ချက်များ ကသာနောက်ဆုံးအတည်ဖြစ်သည်။နောက်ထပ်တောင်းဆိုမှုများ၊စုံစမ်းမှုများနှင့် အပေးအယူများ ကိုပြုလုပ်သွားမည်မဟုတ်ပါ။

---